# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

## (၁၄)ရက်မြောက်နေ့ အစီအစဉ်

## [၂၁ - ၁၁ - ၂၀၁၂]

## ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော်(၁၄)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သော ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း။

၆။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမ၊ ဒုတိယ၊ တတိယ နှင့် စတုတ္ထပုံမှန် အစည်းအဝေးများ တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကိုလည်းကောင်း၊ ပထမ၊ ဒုတိယ၊တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကိုလည်းကောင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းရေးရာကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၉။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT) နှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ခ ) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ဂ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

၁၀။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစား ရေအားလျှပ်စစ် ကဏ္ဍ ပံ့ဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးစတီဖင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ခ ) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ဂ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( င ) ဗိုလ်မှူးမြင့်စိုး၊ တပ်မတော်သားကိုယ်စားလှယ်

( စ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(ဆ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ဇ ) ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။